m မိစ်ဘ်ကူးချိုချိုအနုပညာ

# ဆယ်ကျော်သက်တို့အကြောင်း

မအိ




mgyoe.com

mgyoe.com

# ဆယ်ကျော်သက်တို့အကြောင်း

မအိ



mei0004

1200.00 Ks

mgyoe.com

ဆယ်ကျော်သက်တို့အကြောင်း
mgyoe.com
မအိ


ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၄၀၀ ၇၄၀ ၀၆၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၄၀၀ ၉၄၄ ၀၈၁၁ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းသာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အင်အက်စ်အို |
| ကွန်ပျူတာစလင် | - | ဒီဇဲလ် |
| လက်ရွေးစလင် | - | အေးကျော် |
| စာအုပ်ချုပ် | - | ကိုမြင့် ညိုဝင်းမြင့် |

၈၉၅ . ၈၄
မအိ
ဆယ်ကျော်သက်တို့အကြောင်း / မအိ၊ ရန်ကုန်၊
စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁၊
စာမျက်နှာ ၁၄၄ မျက်နှာ၊
၁၀ စင်တီ× ၁၆ ·၅ စင်တီ
(၁) ဆယ်ကျော်သက်တို့အကြောင်း

၂၀၁၁ နိုဝင်ဘာလ၊ အုပ်ရေ ၅၀၀
ရောင်းဈေး ၁၂၀၀ ကျပ်

mgyoe.com

mgyoe.com

# မာတိကာ


၁။ မအိရဲ့အမှာစကား

၂။ ကြီးကြီးကျယ်ကျယ်တွေကို မတွေးပါနဲ့ ၁

၃။ နိုင်ငံရေးဘက်ကို ခြေဦးမလှည့်ပါနဲ့ ၉

၄။ အားလုံးကို ငါကယ်တင်မှရမယ် ၂၂

၅။ အပေါင်းအသင်းဆံ့အောင်လုပ်ပါ ၃၁

၆။ အင်္ဂလိပ်စာကို ကျွမ်းကျင်အောင်လုပ်ပါ ၄၁

၇။ ကိုယ့်အိမ်မှာ ကိုယ့်မူနဲ့နေပါ ၅၄

၈။ ကိုယ့်ကျောင်းမှာကိုယ့်ဒီဇိုင်းနဲ့နေပါ ၆၅

၉။ ကိုယ်ကျင့်တရားကောင်းအောင် ပျိုးပါ ၈၃

၁၀။ ဖိုမကိစ္စတွေကိုသတိထား ၁၁၇

၁၁။ ဆန့်ကျင်ဘက်လိင်နဲ့ ဆက်ဆံတဲ့အခါ ၁၂၇

၁၁။ ကျားကျား၊ မမ ပီပြင်ပါစေ ၁၃၆


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မအိရဲ့အမှာစကား

အပိုင်း (၁)

ပြီးခဲ့တဲ့နှစ်က ကျွန်မတည်းဖြတ်ခဲ့တဲ့ စာအုပ် တစ်အုပ် ထုတ်ဝေဖြစ်ခဲ့ပါတယ်။ ကိုချစ်သန်း ဘာသာပြန်ထားတဲ့ "ဘဝကို အဆုံးအဖြတ်ပေးတဲ့ အသက်နှစ်ဆယ်ကျော်အရွယ်"ဆိုတဲ့ စာအုပ်ဖြစ်ပါတယ်။

အမှန်ကတော့ အဲဒီစာအုပ်ကို ကျွန်မနာမည်နဲ့ ထုတ်ဖို့ ကိုချစ်သန်းက တရုတ်ဘာသာကနေ အစိမ်းလိုက် (အကြမ်း) ဘာသာပြန်ပေးထားတာပါ။ ကျွန်မရဲ့ "ယောကျ်ားတို့အကြောင်း"စာအုပ်ကို သူဖတ်ပြီးသွားတဲ့နောက်မှာ အဲဒီလိုစာအုပ်မျိုး နောက်ထပ်တစ်အုပ်ထပ်ရေးဖို့ ကျွန်မကို ကုန်ကြမ်းပေးတာပါ။ (ကိုချစ်သန်းတို့၊ ကိုသာအောင်တို့လိုမျိုး တစ်ချိန်က

mgyoe.com

mgyoe.com

ကျွန်မရဲ့ ရဲဘော်ရဲဘက်တွေရဲ့ စိတ်တွေကို အခုချိန် အထိ လေးစားနေရဆဲပါ) ဒါပေမယ့် စာအုပ်ပါ အကြောင်းအရာတွေက သူ့ဟာနဲ့သူ ကောင်းပြီးသား မို့ ကျွန်မက ပြင်ဆင်တည်းဖြတ်ပြီး ကိုချစ်သန်း နာမည် နဲ့ပဲ ထုတ်ဝေဖြစ်သွားခဲ့ပါတယ်။

အဲဒီနှစ်ဆယ်ကျော်ကို ရေးတဲ့ မူရင်းစာရေး ဆရာမက တောင်ကိုရီးယားနိုင်ငံကပါ။ ၁၉၇၄ ခုနှစ်၊ ဆိုးလ်မြို့တော်မှာ မွေးဖွားခဲ့ပါတယ်။ သူ့စာအုပ် ရဲ့ အမှာစာမှာ ၂၀၀၄ ခုနှစ်ဆိုပြီး ရက်စွဲတပ်ထားတော့ အဲဒီစာအုပ်ကို သူ့အသက် ၃၀ အရွယ်မှာ ရေးခဲ့တာလို့ ပြောလို့ရပါတယ်။ ကိုရီးယားဘာသာနဲ့ ၂၀၀၆ ခုနှစ်မှာ ထွက်လာပါတယ်။ အဲဒီစာအုပ်ကို တရုတ်နိုင်ငံမှာနေ တဲ့ ကိုရီးယားလူမျိုးစာရေးဆရာမ တစ်ယောက်က တရုတ်လိုဘာသာပြန်ပြီး ၂၀၀၇ မှာ ထုတ်ဝေခဲ့ပါ တယ်။ အဲဒီ တရုတ်လိုကနေ မန္တလေးမှာနေတဲ့ ကိုချစ်သန်းက မြန်မာလိုပြန်ပြီး ၂၀၀၉ ဩဂုတ်မှာ ထုတ်ဝေခဲ့တာပါ။

မူရင်းစာရေးဆရာမအကြောင်းက စာအုပ်ထဲ မှာပါသလောက်လေးပဲ သိရပါတယ်။ ဆိုးလ်မြို့တော် လို မြို့ကြီးပြကြီးမှာ မွေးဖွားကြီးပြင်းခဲ့ပါတယ်။ စူမင်း အမျိုးသမီး တက္ကသိုလ်က ကိုရီးယားစာပေနဲ့ ဘွဲ့ရခဲ့ ပါတယ်။ ဝတ္ထုရှည်၊ ဝတ္ထုတို ပုံပြင်တွေကို ရေးသားနေ

mgyoe.com

mgyoe.com

တဲ့ စာရေးဆရာမ တစ်ယောက်ပါ။ အဲဒီစာအုပ်ဟာ ကိုရီးယားလူမျိုး အသက် ၂၀ကျော်အရွယ် အမျိုးသမီးလေးတွေရဲ့ အတွေးအခေါ်စိတ်ဓာတ်၊ အပြုအမူ၊ အနေအထိုင် အပြောအဆိုတွေကို ပြုပြင်ပေးတဲ့ "တက်ကျမ်း" စာအုပ်တစ်အုပ်ပါ။

ကမ္ဘာပေါ်မှာရှိသမျှ တက်ကျမ်းစာအုပ်တွေရဲ့ မူရင်းစာရေးသူတွေဟာ သူတို့ဖြတ်သန်းလာခဲ့ရသမျှ ဘဝပေး အတွေ့အကြုံတွေနဲ့ သူတို့လေ့လာသိရှိခဲ့ရသမျှတွေထဲကနေ အဆီအနှစ်ထုတ်ပြီး "တက်ကျမ်း" စာအုပ်တွေကို ရေးသားပြုစုခဲ့ရတာပါ။ တက်ကျမ်းစာအုပ်တစ်အုပ်ကို ရေးပြီဆိုရင် (မူရင်းစာရေးသူတွေအတွက်ကတော့) ဆုံးဖြတ်ချက်တွေ အများကြီးချရပါတယ်။ ဒီလိုနေ၊ ဒီလိုပြော ဒီလိုတွေး၊ ဒီလိုလုပ်၊ ဒါဟာ အမှား၊ ဒါမှအမှန်ဆိုပြီး ပြတ်ပြတ်သားသား ရေးသားကြရပါတယ်။ ဖတ်မိတဲ့သူတွေအဖို့ "တက်ကျမ်း" စစ်စစ်ဖြစ်နေရင် တော်သေးတယ်။ တချို့လူတွေအတွက် တချို့ အချက်အလက်တွေဟာ "သက်ကျမ်း"ဖြစ်သွားခဲ့ရင် ရေးသားသူမှာ တာဝန်လုံးလုံးရှိပါတယ်။ (စာဖတ်သူတွေအနေနဲ့လည်း ဒီအချက်ကို သတိကြီးကြီးထားရမှာ ဖြစ်ပါတယ်။)

တက်ကျမ်းစာအုပ်တွေဟာ "တက်ကျမ်း"ဆိုတဲ့ စာအုပ် အမျိုးအစားအတိုင်း တက်ကြွလာအောင်

mgyoe.com

mgyoe.com

ရေးသားထားကြတာတွေချည်းပါပဲ။ စာအုပ်ထဲက အတိုင်း လိုက်နာကျင့်သုံးရင် တိုးတက်အောင်မြင်လာလိမ့်မယ်လို့လည်း စာဖတ်သူတွေက ယုံကြည်ကြပါတယ်။ အချို့ကလည်း လိုက်လုပ်ကြပါတယ်။ အချို့ကလည်း လိုက်မလုပ်ကြပါဘူး။ စာအုပ်ထဲမှာပါသမျှ အားလုံးကို လိုက်လုပ်နိုင်တဲ့သူကတော့ ရှားပါတယ်။ သူတို့နှစ်သက်တဲ့ (ဒါမှမဟုတ်) သူတို့လိုက်နာနိုင်တဲ့ အချက်အလက်တွေကိုသာ လိုက်နာကျင့်ကြံကြတာပါ။

ဒါပေမယ့် သူတို့လိုက်နာကျင့်သုံးလိုက်တဲ့ အချက်အလက်တွေဟာ သူတို့ရဲ့စရိုက်၊ ဝါသနာနဲ့ မကိုက်ညီခဲ့ဘူးဆိုရင်တော့ ဖြစ်မြောက်အောင်မြင်လာမှာ မဟုတ်ပါဘူး။ ဒီလိုအဖြစ်အပျက်က တော်သေးတယ်လို့ ဆိုရပါမယ်။ အချက်အလက်တွေကြောင့် စာဖတ်သူရဲ့ အတွေးအခေါ်ကို ပျက်စီးသွားစေမယ်ဆိုရင်တော့ ဒါဟာ မကောင်းတော့ပါဘူး။ ဥပမာ ပြောရရင် –

"ကံဆိုတာကို မယုံပါနဲ့၊ လူတွေဟာ ဘာတွေပဲဖြစ်လာလာ ကံကိုပဲ လွှဲချကြတယ်။ ကံဆိုတာ ကိုယ့်ရဲ့လက်ထဲမှာပဲ ရှိပါတယ်။ ချမ်းသာတဲ့ကံပဲဖြစ်ဖြစ် ဆင်းရဲတဲ့ ကံပဲဖြစ်ဖြစ် ကိုယ်ဖန်တီးတာပါ။"

အဲဒီစာကြောင်းဟာ ဟုတ်သလိုလိုနဲ့ လွဲနေပါ

mgyoe.com

mgyoe.com

တယ်။ အစွန်းထွက်နေပါတယ်။ "ကံ"ဆိုတာနဲ့ ပတ်သက်ပြီး ဘယ်လောက်အထိ နက်နက်ရှိုင်းရှိုင်း လေ့လာပြီးလို့ ပြောရတာလဲလို့ မေးချင်စရာပါ။ ကျွန်မတို့ မြန်မာတွေက "ကံ"ဆိုတာကို လက်ခံပြီးသားပါ။ (လက်ခံကြပုံတွေ တစ်မျိုးကြီးဖြစ်နေတဲ့လူတွေကလည်း ဒုနဲ့ဒေးပါပဲ။) အလုပ်လုပ်တိုင်းသာ ချမ်းသာစတမ်းဆိုရင် ဆင်းရဲတဲ့သူတွေကို မနည်းလိုက်ရှာရလိမ့်မယ်။ ကံဆိုတာက ကိုယ့်ရဲ့လက်ထဲမှာ တစ်ဝက်ပဲရှိတာပါ။ (ဒီနေရာမှာတော့ အတိတ်ကံဆိုတာကို လက်မခံတဲ့သူတွေအတွက်တော့ မပါပါဘူး။)

ချမ်းသာတဲ့ကံပဲဖြစ်ဖြစ်၊ ဆင်းရဲတဲ့ကံပဲဖြစ်ဖြစ် ကိုယ်ဖန်တီးတာပါဆိုတဲ့စကားဟာ မှန်သယောင်ယောင်ရှိပါတယ်။ ဒါပေမယ့် ကျွန်မကတော့ လက်မခံပါဘူး။ ဒီလူတွေနဲ့ပေါင်းပါ။ ဒီလုပ်ငန်းတွေကို လုပ်ပါ။ ဒီခေတ်မှာ ဒီလိုလုပ်မှ ချမ်းသာမယ်ဆိုပေမယ့် ကျွန်မလုပ်ချင်မှလုပ်မှာပါ။ နင်က ပါရမီရှင်မို့လို့ကာလ၊ ဒေသ၊ ပယောဂကို လွန်ဆန်နေတာလားလို့ အပြစ်ဆိုခဲ့ရင်လည်း ကျွန်မခံပါ့မယ်။ လူသားတွေရဲ့ တာဝန်၊ လူကျင့်ဝတ်တွေကို ဖောက်ဖျက်ပြီးမှ ချမ်းသာရမယ်ဆိုရင် မချမ်းသာချင်ပါဘူး။ ဒီလိုပဲ ယုံကြည်ပါတယ်။ ဒီယုံကြည်ချက်ကိုပဲ ရေးတဲ့နေရာမှာ ထည့်ရေးရပါလိမ့်မယ်။

mgyoe.com

mgyoe.com

"ဘဝကိုအဆုံးအဖြတ်ပေးတဲ့ အသက်နှစ်ဆယ်ကျော်အရွယ်" ဆိုတဲ့ စာအုပ်ထဲမှာ ကျွန်မနဲ့ အတွေးအခေါ်မတူတာတွေ အများကြီးပါပါတယ်။ ဒါပေမယ့် ကျွန်မကတော့ မူရင်းစာရေးသူအပေါ်ကို သစ္စာရှိစွာနဲ့ မဖြတ်မတောက်ဘဲ ထည့်သွင်းပေးခဲ့ပါတယ်။ (အန္တရာယ်သိပ်ကြီးတဲ့ တစ်ချက်၊ နှစ်ချက်လောက်ကိုပဲ ဖြတ်ပစ်ခဲ့ပါတယ်။) ဒါပေမယ့် အဲဒီကတည်းကနေစပြီး ဆုံးဖြတ်ချက်တစ်ခု ချမှတ်ခဲ့ပါတယ်။ အဲဒီ ဆုံးဖြတ်ချက်ကြောင့် အခု စာအုပ်ဖြစ်လာတာပါပဲ။ ဒီလိုရေးဖြစ်ဖို့အတွက် အကြီးမားဆုံးတွန်းအားဖြစ်စေခဲ့တဲ့ စာရေးဆရာမ အင်စွမ်နမ်ကို အထူးကျေးဇူးတင်ပါတယ်။

အပိုင်း(၂)

ဒီစာအုပ်ကို ဆယ်ကျော်သက်တွေအတွက် အဓိကရည်ရွယ်ပြီး ရေးပါတယ်။ ဆယ်ကျော်သက်ဆိုတော့ကာ အသက်ဆယ်နှစ်ကျော်ကနေ အသက်နှစ်ဆယ်အထိကို ဆိုလိုချင်တဲ့သဘောပါ။ အသက်ဆယ်နှစ်ကျော်ဟာ ကျွန်မတို့နိုင်ငံအတွက် ကလေးပဲရှိပါသေးတယ်။ ဆယ့်ရှစ်၊ ဆယ့်ကိုး၊ နှစ်ဆယ်ကျမှသာ အပျို၊ လူပျိုစစ်စစ်ဖြစ်ကြတာက များပါတယ်။ ဒါပေမယ့် ဒီစာကို ရေးနေတဲ့ ၂၀၁၀ ခုနှစ်မှာတော့

mgyoe.com

mgyoe.com

ဆယ်သုံးလေးနှစ်နဲ့ အပျို၊ လူပျိုဖြစ်နေကြတဲ့သူတွေ ကို အများကြီး တွေ့လာရပါတယ်။ ဒါပေမယ့် ခက်တာတစ်ခုက အဲဒီအရွယ်တွေက ဒီလိုစာအုပ်တွေ ကို မဖတ်ကြပါဘူး။ တစ်ဆင့်စကား တစ်ဆင့်နားနဲ့ နည်းနည်းဖတ်မိသွားရင် မဆိုးလှဘူးလို့ပဲ သတ်မှတ်ရ မှာပါ။

ဒီစာအုပ်ဟာ ဆယ်ကျော်သက်တွေအတွက် သက်သက်ရေးတာလားဆိုတော့ မဟုတ်ပါဘူး။ အသက် ၂၀ကျော်တွေလည်း ဖတ်မိရင် အကျိုးကျေးဇူး ရစေနိုင်မှာပါ။ ဒါတင်မက ဖတ်ရတဲ့ မိဘတချို့ရှိရင် လည်း သူတို့အတွက်အကျိုးရှိမှာပါ။ တစ်ခုရှိတာက စာဖတ်တယ်ဆိုရင် ကောင်းတာကိုယူ၊ မကောင်းတာ ကို ပယ်နိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ့်ရဲ့စရိုက်၊ ဝါသနာ နဲ့လည်း ချိန်စက်ပြီး အသုံးချတတ်ဖို့ လိုပါတယ်။ ဘယ်ဟာကိုမျှ မျက်စိမှိတ်ပြီး အတုံးလိုက် အတစ် လိုက် ပုံတူကူးချတာမျိုး မလုပ်စေချင်ပါဘူး။

အရင်ရေးခဲ့ဖူးတဲ့ "ယောကျ်ားတို့အကြောင်း" ဆိုတဲ့ စာအုပ်ထွက်အပြီး သိပ်မကြာခင်မှာ အနယ်နယ် အရပ်ရပ်က မိန်းကလေးတွေရဲ့ စာတွေရောက်လာဖူးပါ ပါတယ်။ သူတို့ရဲ့ ချစ်မှုရေးရာ ပြဿနာတွေကို ဝိုင်းပြီး ဖြေရှင်းအကြံဉာဏ်ပေးဖို့ တိုင်ပင်တဲ့စာတွေပါ။ အားလုံး ဆီကို အပင်ပန်းခံစာပြန်ပြီး အကြံပေးခဲ့ပါတယ်။

mgyoe.com

mgyoe.com

ဒါဟာ ဘာကိုဖော်ပြနေသလဲဆိုတော့ ကိုယ့်ရဲ့စာအုပ်ကို အလေးအနက်ထားပြီး ဖတ်နေကြတယ်ဆိုတာကို ဖော်ပြနေတာပါ။ အဲဒီမှာပဲ ကိုယ့်ရဲ့စာအုပ်ကိုလည်း ပြန်ပြန်ဖတ်ပြီး လိုအပ်နေသေးတာတွေ ရှာနေရတာ အခုထိပါပဲ။ အဲဒါကြောင့်မို့ ဘယ်စာကိုမဆို ပေါ့ပေါ့လေး မရေးရဲပါဘူး။

အခု ဒီစာအုပ်ကိုလည်း သေသေချာချာ စဉ်းစားပြီးမှ ရေးပါတယ်။ စာအုပ်တစ်အုပ်လုံးဟာ ဆုံးဖြတ်ချက်တွေချည်းပါပဲ။ နှစ်ပေါင်းခြောက်ဆယ် အတွေ့အကြုံနဲ့ ဖတ်မှတ်လေ့လာ ခဲ့ရတာတွေထဲကနေ တစ်ချက်ချင်း သေချာစဉ်းစားပြီး ယုံကြည်တာကိုပဲ ဆုံးဖြတ်ရေးသားခဲ့ပါတယ်။ ဒီနေရာမှာ စာဖတ်သူတွေ သတိထားဖို့ အချက်နှစ်ချက် ပြောချင်ပါတယ်။ ပထမအချက်က ကာလရယ်၊ ဒေသရယ်၊ ပယောဂရယ်အပေါ်မှာ မူတည်ပြီး ပြောင်းချင်လည်းပြောင်း၊ ဟောင်းချင်လည်းဟောင်း၊ ကောင်းချင်လည်းကောင်းသွားနိုင်ပါတယ်။ နောက်တစ်ချက်က မအိရဲ့ ဦးနှောက်ဟာ အပ်ဖျားထောက်စရာမရှိအောင် အလုံးစုံ ပြီးပြည့်စုံနေတာ မဟုတ်တဲ့အတွက် အမှားတွေလည်း ပါနိုင်ပါတယ်။ ဒါပေမယ့် ဘယ်သူ့ကို ဘာကိုမျှ ငဲ့ကွက်ပြီး ထိန်ချန်မရေးထားပါဘူးဆိုတာကိုတော့ အာမခံပါတယ်။

mgyoe.com

mgyoe.com

ပညာရှိတွေ စိတ်ညစ်ညူးဖွယ်ဖြစ်စေတာပါခဲ့ရင် ဒီနေရာက ရှိခိုးတောင်းပန်လိုက်ပါတယ်။ တွေ့တဲ့နေရာမှာ ဆုံးမပဲ့ပြင်ပေးကြပါလို့လည်း ထပ်ဆင့်တောင်းပန်ချင်ပါတယ်။ ပညာရှိတစ်ယောက်ကဲ့ရဲ့ခံရမှာကို မအိက အစိုးရိမ်ဆုံးပါ။

မအိ

2010, May

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## ကြီးကြီးကျယ်ကျယ်တွေကို မတွေးပါနဲ့

ဒါကတော့ ခုနက ဒီကိစ္စနဲ့ဆက်စပ်ပြီး ပြောလိုက်ချင်တာလေးတစ်ခုပါ။ နိုင်ငံရေးဘက်ကို ခြေဦးမလှည့်ပါနဲ့ဆိုတာဟာ ဆယ်ကျော်သက်အရွယ်မှာ နိုင်ငံရေးဆိုတဲ့ ကြီးကြီးကျယ်ကျယ် ကိစ္စတွေကို တွေးနေမှာစိုးလို့ပါ။ နိုင်ငံရေးဆိုတဲ့ ကိစ္စတွေထဲမှာ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး အစရှိသဖြင့် ရေး ...၊ ရေး ... ဆိုတာတွေ အများကြီးရှိပါတယ်။ အဲဒီ "ရေး"တွေအားလုံးဟာ ကြီးကြီးကျယ်ကျယ် ကိစ္စတွေပါ။ ဘာ "ရေး"ကိုမှ တွေးမနေဖို့ဆိုလိုချင်တာပါ။

ဥပမာ အနီးစပ်ဆုံး ပြောရရင် ကျောင်းသားဆိုတာဟာ "ပညာရေး"ဆိုတာနဲ့ အနီးစပ်ဆုံးပါ။ "ပညာရေး"လို့ ဆိုလိုက်တာနဲ့ ပညာရေးမူဝါဒတွေ၊ ပညာရေး စီမံကိန်းတွေ၊ ပညာ့ရေး စိတ်ပညာတွေ၊ သင်ကြားမှု

mgyoe.com

mgyoe.com


နည်းစနစ်တွေ၊ ပြဋ္ဌာန်းစာတွေ၊ စာမေးပွဲစနစ်တွေ၊ စာသင်ကျောင်းတွေ၊ ဖွဲ့စည်းပုံတွေ၊ ဆရာတွေ၊ သင်ထောက်ကူပစ္စည်းတွေ၊ ဘာတွေ ညာတွေ အများကြီးပါသွားပါပြီ။ ဒါတွေကို ဆယ်ကျော်သက်တွေအနေနဲ့ လျှောက်ပြီးတွေးနေမယ်ဆိုရင် မဆုံးတော့ပါဘူး။ ကိုယ်လည်း ဉာဏ်မမီပါဘူး။ မနှစ်သက်တာတွေကို တွေ့ရင်လည်း ကိုယ်က မပြင်ဆင်နိုင်ပါဘူး။ ဘာမှလည်း မတတ်နိုင်ပါဘူး။

ဆယ်ကျော်သက်တွေအနေနဲ့လုပ်စရာက တစ်ခုတည်းရှိပါတယ်။ ပြဋ္ဌာန်းထားတဲ့ ပြဋ္ဌာန်းစာတွေကို ကြေကြေညက်ညက် နားလည်ပြီး သတ်မှတ်ထားတဲ့ စာမေးပွဲမှာ အမှတ်ကောင်းကောင်းရအောင် ဖြေဆိုဖို့ပါပဲ။

လူသားမှန်ရင် ကာလ၊ ဒေသ၊ ပယောဂရဲ့ အောက်မှာပဲ ရှင်သန်ရတာက နိယာမတစ်ခုပါ။ ကိုယ့်ခွင်ထဲမှာ ကိုယ်လုပ်နိုင်သမျှကို အကောင်းဆုံးလုပ်ဖို့ပဲ ရှိပါတယ်။ ပညာရေးဝန်ကြီး တွေးတောစဉ်းစားရမယ့် ကိစ္စတွေကို ကျောင်းသားက တွေးတောစဉ်းစားနေတာဟာ သဘာဝမကျပါဘူး။ ပုံမတော်ရင် ကိုယ်ပဲ ဆုံးရှုံးနစ်နာဖို့ရှိပါတယ်။ ဒါဟာ အရွယ်နဲ့မမျှတဲ့ စဉ်းစားတွေးခေါ်မှုတွေပါ။ မစဉ်းစားရဘူး၊ မတွေးရဘူးလို့ မဆိုလိုပါဘူး၊ စဉ်းစားပါ၊ တွေးပါ။ ဒါပေမယ့် စဉ်းစား

mgyoe.com

mgyoe.com



ပြီး တွေးပြီးရင် လျစ်လျူရှုလိုက်ဖို့ လိုအပ်ပါတယ်။

မကျေနပ်ရင် တစ်ချိန်မှာ ကိုယ်တိုင်ဝန်ကြီးချုပ်တွေ သမ္မတတွေဖြစ်အောင်လုပ်ပြီး အကောင်းဆုံးပညာရေးကို ဖော်ဆောင်ပေါ့။ အခုလောလောဆယ်တော့ အဲဒါတွေကို လျစ်လျူရှုရမှာပဲ ဖြစ်ပါတယ်။ လျစ်လျူမရှုနိုင်ဘူးဆိုရင် စာကြိုးစားချင်စိတ်တွေ လျော့ပါးလာမှာပဲ ဖြစ်ပါတယ်။ ဒါဆိုရင် ကိုယ့်ရဲ့နစ်နာမှုတွေက တန်းစီပြီးဖြစ်လာနိုင်ပါတယ်။ မဆိုင်တာတွေကို အပြစ်တွေဖို့ရင်းနဲ့ပဲ အချိန်တွေကုန်နေတော့မှာပါ။ ကြာလာရင် စာလုပ်ဖို့ပျင်းသွားပြီး စာမေးပွဲတွေအောင်ဖို့ မလွယ်တော့ပါဘူး။ ပြန်တွက်ကြည့်ရင် ကိုယ့်ရဲ့အတွေးတွေမှားလို့ ကိုယ်ပဲနစ်နာရတာပါ။

ဒီနေရာမှ ဆယ်ကျော်သက်တွေနဲ့ အနီးကပ်ဆုံးနေတဲ့ လူကြီးမိဘတွေရဲ့ အပြစ်တွေလည်း ပါနိုင်ပါတယ်။ အထူးသဖြင့် နိုင်ငံရေးကို သိပ်စိတ်ဝင်စားတဲ့လူကြီးမိဘတွေပါ။ သူတို့အချင်းချင်း ဆုံတွေ့ကြရင် အစိုးရအကြောင်း၊ စနစ်အကြောင်း၊ ခေတ်အကြောင်းတွေကို ဆွေးနွေးကြပါတယ်။ ဆိုးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ ဘေးမှာကလေးတွေ ရှိနေရင်လည်းပဲ လွတ်လွတ်လပ်လပ် ပြောဆိုဆွေးနွေးကြပါတယ်။ ကလေးတွေက နားနဲ့မဆံ့တဲ့ဟာတွေကို ကြားရပါတယ်။ လူဆိုတာဟာ စိတ်နဲ့ကိုယ်နဲ့တွဲနေတာမျိုး

mgyoe.com

mgyoe.com



ဖြစ်လေတော့ ကလေးတွေကလည်း သူတို့ကြားရ သိရတဲ့ နားနဲ့မဆံ့တဲ့ ကိစ္စတွေကို လျှောက်ပြီး တွေးတော စဉ်းစားမိကြတော့တာပါပဲ။ ဉာဏ်တစ်ထွာ တစ်မိုက်နဲ့ အကြီးကြီးတွေကို လျှောက်ပြီး စဉ်းစား တွေးတောနေမိတာဟာ ဘယ်လောက် အန္တရာယ် ကြီး ကြောင်း ကလေးတွေက ဘယ်သိပါ့မလဲ။ လူကြီးတွေ က ဆင်ခြင်ရမှာပါ။

ဆယ်ကျော်သက်ကလေးတွေဆိုတာ အရာရာ ကို စဉ်းစားတတ်၊ တွေးခေါ်တတ်လာကြပါပြီ။ သူတို့ ရဲ့ အနီးကပ်ဆုံးမှာရှိနေတဲ့ လူကြီးမိဘတွေရဲ့ တွေးလုံး ခေါ်လုံးတွေကိုပဲ အမှန်တရားတွေလို့ ထင်မှတ်နေကြ သူတွေပါ။ အဲဒီအတွက်ကလေးတွေရဲ့ အသိဉာဏ်နဲ့ လက်လှမ်းမမီတဲ့ ကိစ္စတွေကို ကလေးတွေရှေ့မှာ မပြောမိဖို့ ဆင်ခြင်ရပါမယ်။ ဆယ်ကျော်သက်တွေ အနေနဲ့လည်း ဒါတွေကို ကြားလာခဲ့ရင် ကြားတဲ့နေရာ မှာပဲထားပြီး ဆက်မတွေးဖို့၊ ခံစားမနေဖို့လည်း အရေး ကြီးပါတယ်။ လူကြီးတွေပြောနေ၊ ဆွေးနွေးနေတာတွေ ဟာ သူတို့နဲ့ပဲသက်ဆိုင်ပြီး၊ ငါနဲ့မသက်ဆိုင်ဘူးလို့ ဆုံးဖြတ်နိုင်ရပါမယ်။

တချို့လူကြီးတွေရှိသေးတယ်။ ကလေးက စာမေးရင် ဖြေလိုက်ရုံပဲ ရှိတယ်။ ဒါကို အတွန့်တက် ပြီး "မင်းတို့ဆရာမက အဲသလိုပဲ သင်သလား၊ သွား

mgyoe.com

mgyoe.com



ပါပြီကွာ၊ အင်း ... ဆရာမတွေကလည်း ညံ့ကုန်ပြီ" ဆိုတဲ့ ညည်းတွားသလိုလိုတွေ လုပ်ကြတယ်။ အဲဒီတော့ ကလေးတွေရဲ့ စိတ်ထဲမှာ ကျောင်းက ဆရာမတွေဟာ ဘာမှ မတတ်ဘူးဆိုတဲ့ အတွေးတွေက ဝင်သွားပါလေရော။ တစ်ခါတလေမှာ "မင်းတို့ ကျောင်းမှာ အဲသလိုပဲ သင်သလား၊ သွားပါပြီကွာ၊ ပညာရေးစနစ်တော့ ပျက်စီးပါပြီ၊ ရှေ့လျှောက် ပိုဆိုးဦးမယ်ဟေ့"လို့ ညည်းတတ်ပါသေးတယ်။ အဲဒီတော့ ကလေးက အဓိပ္ပာယ်မရှိတာတွေကို သင်နေရသ ယောင်ယောင် ခံစားသွားရပါတယ်။

လူကြီးတွေပြောတတ်တဲ့ အမျိုးမျိုးသော စကားတွေဟာ ကြာလာတဲ့အခါမှာ ပညာသင်ကြားနေတဲ့ ကလေးကို ဆက်လက်ပညာသင်ကြားချင်စိတ်လျော့ပါးလာစေတယ်ဆိုတာ လူကြီးတွေက သတိမထားမိပါဘူး။ ကလေးက စာကျက်ချင်စိတ်တွေပျောက်ပြီး စာမေးပွဲကျရင်တော့ အပြစ်ဆိုတတ်ကြပြန်ပါလေရော။ ခက်နေတာတစ်ခုက ဒီနေ့ခေတ်မှာ လူကြီးတော်တော်များများက နိုင်ငံရေးကို စိတ်ဝင်စားပြီး ခုနကလို စကားတွေ အပြောများလာကြတာပါပဲ။ ရှေ့လျှောက်လည်း ဒီနိုင်ငံမှာက နိုင်ငံရေးလှုပ်ရှားမှုတွေ ဆက်ပြီး ဆက်ပြီးရှိနေဦးမှာပါ။ ဒီလိုချည်းသာ ပြောပြောနေရင်တော့ နစ်နာကုန်မယ့်ကလေးတွေ အများကြီးပေါ်

mgyoe.com

mgyoe.com



ပေါက်လာဦးမယ်။

ဆက်ကျော်သက်တွေအနေနဲ့ အဲသလို လူကြီးတွေအကြောင်းကို သိထားပြီဆိုရင် သူတို့ပြောတာတွေကို မေ့ထားလိုက်စေချင်ပါတယ်။ ကိုယ့်ကိစ္စကိုသာ ကိုယ်လုပ်ဖို့ အရေးကြီးပါတယ်။ သူတို့သုံးသပ်တာတွေကလည်း ဟုတ်ချင်မှ ဟုတ်မှာပါလို့ တွေးပါ။ ခေတ်တိုင်း ခေတ်တိုင်းမှာ၊ နိုင်ငံတိုင်းမှာ နိုင်ငံရေးလှုပ်ရှားမှုတွေက အမျိုးမျိုးရှိနေမှာပါပဲ။ ဒါတွေက ကိုယ်နဲ့မဆိုင်ဘူးလို့ ခံယူပါ။

ပညာရေးလိုပဲ အခြားသော "ရေး" တွေကိုလည်း မတွေးပါနဲ့။ ဆန်တစ်ပြည်ခြောက်ကျပ်ကနေ ထောင့်နှစ်ရာဖြစ်ကုန်ပြီဟော့၊ မင်းတို့ခေတ်ကျရင် တစ်သောင်းဖြစ်မယ်ဆိုတဲ့ စကားတွေကို လျစ်လျူရှုလိုက်ပါ။ နောက်မှဖြစ်လာမှာတွေကို တစ်သိန်းဖြစ်ဖြစ် ကိုယ်နဲ့မဆိုင်ပါဘူး။ အလိုက်အထိုက်တော့ဖြစ်သွားမှာပဲ။ ဘာမှပူစရာမရှိဘူးလို့ တွေးပါ။ "ဆေးရုံမှာလည်း ဆေးတွေမရှိတော့ဘူး၊ ဆရာဝန်တွေမှာလည်း မေတ္တာမရှိတော့ဘူး" ဆိုတဲ့စကားတွေကိုလည်း နားမထောင်ပါနဲ့။ ကိုယ်နဲ့မဆိုင်သလို နေလိုက်ပါ။

လူကြီးတွေပြောသမျှ နားယောင်ပြီး တောင်တွေး မြောက်တွေးတွေတွေး၊ စကားကြီး စကားကျယ်ပြောလာတဲ့ သူငယ်ချင်းတွေကိုလည်း ဒါတွေကို

mgyoe.com

mgyoe.com



မတွေးဖို့၊ မပြောဖို့ ပိတ်ပင်ပါ။ ကျောင်းသားဆိုတာ စာလုပ်တာ အမှန်ဆုံးလုပ်ရပ်၊ စာတွေကို တွေးနေတာ ဟာ အမှန်ဆုံးအတွေးပဲဆိုတာကို ပြောပြပါ။ ဒီလိုမှ ပြောလို့မရရင် အဲဒီကျောင်းသားနဲ့ ခပ်ဝေးဝေးနေလိုက် တာ အကောင်းဆုံးပါပဲ။ နောင်တစ်ချိန် ကြီးပြင်းလာ တဲ့အခါကျတော့ အဲဒီကျောင်းသားဟာ ယောင် ကြောင်ကြောင် လူတစ်ယောက်ဖြစ်နေတာကို တွေ့ရ မှာပါ။

"ကြီးကြီးကျယ်ကျယ်ဖြစ်ချင်ရင် ကြီးကြီးကျယ် ကျယ် လုပ်ရမယ်" ဆိုတဲ့ အဆိုအမိန့်ကို သဘောကျ နေတဲ့ ကျောင်းသားတွေရှိသေးတယ်။ တကယ်တမ်း မှာကျတော့ အဲဒီ ပညာရှင်ပြောလိုတဲ့ အဓိပ္ပာယ်က တစ်ရာဖိုးလိုချင်ရင် တစ်ရာဖိုး ကြိုးစားမှုရမယ်လို့ ဆိုလိုချင်တာပါ။ သောက်ကြီးသောက်ကျယ်တွေ လုပ်ခိုင်းနေတာမဟုတ်ပါဘူး။ ဆရာဝန်ဖြစ်ချင်ရင် ဆရာဝန်ဖြစ်လောက်တဲ့ ကြိုးစားမှုရှိမှ ဖြစ်မှာပါ။ လူကြီးတွေအတွက်ဆိုရရင်တော့ သမ္မတကြီးဖြစ်ချင် ရင် သမ္မတကြီးနဲ့ ထိုက်တန်တဲ့ ကြိုးစားအားထုတ်မှု မျိုး ရှိရပါမယ်။ ကိုယ်က လက်တွေ့မှာ ကျောင်းသား ဖြစ်နေရတဲ့အတွက် အမှတ်ကောင်းကောင်း လိုချင်ရင် စာကောင်းကောင်းလုပ်ရမှာပါပဲ။ ကိုယ်နဲ့မဆိုင်တာတွေ ကို လျှောက်တွေးနေတတ်တဲ့ ကျောင်းသားတွေက

mgyoe.com

mgyoe.com



တစ်ချိန်မှာ မဆိုင်တာတွေပဲဖြစ်နေ၊ ကြုံနေရမှာ မလွှဲပါဘူး။

■

mgyoe.com

mgyoe.com

## နိုင်ငံရေးဘက်ကို ခြေဦးမလှည့်ပါနဲ့

အားလုံးကို ငါကယ်တင်မှရမယ်ဆိုတဲ့ စိတ်ကူးနဲ့ ဆုံးဖြတ်ချက်ကို ချခိုင်းတာဟာ ဝန်ကြီးချုပ်လုပ်ခိုင်းတာပဲဆိုတဲ့ တလွဲ စိတ်ကူးပေါက်သွားမှာလည်း စိုးရပါသေးတယ်။ အခုတစ်လော ဒီနိုင်ငံမှာ အမျိုးသားညီလာခံကြီးလုပ်၊ အခြေခံ ဥပဒေတွေရေးဆွဲ၊ အခြေခံဥပဒေကို မဲထည့်ဖို့လုပ်ကြ၊ ရွေးကောက်ပွဲဥပဒေတွေထုတ်၊ ပါတီတွေထောင်ကြနဲ့ဆိုတော့ နိုင်ငံတွင်းမှာ နိုင်ငံရေးအခြေအနေတွေက ရုတ်ရုတ်ရုတ်ရုတ်ဖြစ်၊ ဆယ်ကျော်သက်တွေကလည်း ဘုမသိ ဘမသိနဲ့ နိုင်ငံရေးသမားတွေပြောသမျှကို မျက်လုံးအပြူးသားပါးစပ်အပြဲသားနဲ့ နားထောင်ပြီး ကိုယ်လည်းပဲ မင်းလောင်းဖြစ်နိုင်တယ်ဆိုတဲ့ အတွေးမျိုးတွေဝင်သွားရင် ငါးပါးသာမက သံဃာစင်ပါ မှောက်ဖို့

mgyoe.com

mgyoe.com



ကိန်းရှိပါတယ်။

နိုင်ငံ့အရေးဆိုတာကလည်း မိသားစုအရေး ဖြစ်တဲ့အတွက် ငယ်ငယ်ကြီးကြီး လူတိုင်းနဲ့ ဆိုင်တဲ့ ကိစ္စတစ်ခုပါ။ စိတ်မဝင်စားရဘူးလို့ မဆိုလိုပါဘူး။ စိတ်ဝင်စားကြပါ။ စိတ်လည်းဝင်စားရပါမယ်။ ဒါပေမယ့် ဆယ်ကျော်သက်ဆိုတဲ့ အရွယ်ဟာ သိပ်ကို ငယ်သေးလို့ တော်ရုံ၊ စိတ်ဝင်စားကြပါ။ ခေတ်တွေ စနစ်တွေ ပြောင်းပြောင်းလာတာနဲ့အမျှ နိုင်ငံရေးတွေ ဟာလည်း ပိုမိုပြီး ရှုပ်ထွေးလာပါတယ်။ ဒီနေ့ခေတ် နိုင်ငံရေးကလည်း အတုယူပါ။ ရှုပ်ထွေးလွန်းနေပါ တယ်။ နိုင်ငံရေးသုခမိန်တွေတောင် ဗလချီးရမ်းနေရတဲ့ ကြားထဲမှာ ဒီဆယ်ကျော်သက်တွေက ဘာတွေကို ဘယ်လောက်တွေးခေါ်စဉ်းစားပြီးတော့ ဘာတွေလုပ် နိုင်မှာမို့လို့လဲ။

ဒါကို ဘဝင်မကျတဲ့လူငယ်အချို့က "ဗိုလ်ချုပ် အောင်ဆန်းတောင်မှ ဆယ်ကျော်သက်မှာ နိုင်ငံ ရေးစလုပ်ခဲ့တာပဲ"လို့ စောဒကတက်ကြလိမ့်ဦးမယ်။ ထောင့်ကိုးရာတစ်ဆယ့်ငါး ရှေ့နေဦးဖာသား ဆိုသလို ၁၉၁၅မှာ မွေးတဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ အသက် ၂၀ရောက်သည်အထိ .(၁၉၃၅)ပညာသင်နေဆဲပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်း တက္ကသိုလ်ကို စရောက်တာ ၁၉၃၂ပါ။ ၁၉၃၇ ဒီဇင်ဘာကျမှ ဝိဇ္ဇာ

mgyoe.com

mgyoe.com



ဘွဲ့ရပါတယ်။ ၁၉၃၅ ဒီဇင်ဘာမှာ ကျောင်းသား သမဂ္ဂ အမှုဆောင်အဖွဲ့ဖွဲ့ပါတယ်။ ကိုနုက ဥက္ကဋ္ဌပါ။ ကိုအောင်ဆန်းက အိုးဝေစာတည်းမှူးပါ။ အိုးဝေ မဂ္ဂဇင်းဆိုတာက ကျောင်းသားသမဂ္ဂအသင်းက ထုတ်ဝေတာပါ။

နည်းနည်းတော့ ဆက်ပြောလိုက်ပါရစေဦး။ အိုးဝေမဂ္ဂဇင်း အတွဲ(၅) အမှတ် (၁) ဇန်နဝါရီထုတ် စာအုပ်ကို ၁၉၃၆ ဖေဖော်ဝါရီလမှာ ထုတ်ဝေခဲ့တယ်။ စာရေးဆရာ ညိုမြ (ကလောင်ဝှက် – ယမမင်း)ရေးတဲ့ "ငရဲခွေးကြီးလွတ်နေပြီ" ဆောင်းပါးနဲ့ပတ်သက်ပြီး အယ်ဒီတာကိုအောင်ဆန်းကို ဖြေရှင်းချက်ပေးဖို့ တက္ကသိုလ်အာဏာပိုင်တွေက အမိန့်ပေးတယ်။ နောက်တစ်ပတ်လောက်နေတော့ တကသဥက္ကဋ္ဌကိုနု ကို ကျောင်းထုတ်လိုက်တယ်။ နောက်လေးငါးရက် လောက်ကြာတော့ ကျောင်းသားတွေက ကျောင်းသား သပိတ်ကြီးမှောက်တယ်။ နောက် ငါးရက်လောက်ကြာ တော့ တက္ကသိုလ်အဓိပတိလုပ်တဲ့သူကနေ ဒေါက်တာ ဘဟန်တို့ မြို့မကျောင်းအုပ်ကြီး ဦးဘလွင်တို့ပါတဲ့ တက္ကသိုလ်သပိတ် စုံစမ်းရေးကော်မတီတစ်ရပ်ကို ဖွဲ့ ပေးတယ်။

နောက်တစ်လလောက် အကြာမှာ ရန်ကုန် တက္ကသိုလ်အုပ်ချုပ်ရေးရုံးက ကိုအောင်ဆန်းကို

mgyoe.com

mgyoe.com


တက္ကသိုလ်ကနေ သုံးနှစ်ထုတ်ပယ်လိုက်တဲ့အကြောင်း ကြေညာချက်ထုတ်တယ်။ ကျောင်းသားတွေက သပိတ်ဆက်မှောက်တယ်။ ဆာမြဘူးဥက္ကဋ္ဌအဖြစ် ဦးဆောင်ပြီး ဦးဖေမောင်တင်တို့ ဒေါက်တာ ဘဟန်တို့ ပါတဲ့ တက္ကသိုလ်ဥပဒေစုံစမ်းရေး ၁၁ ယောက် ကော်မတီဖွဲ့တယ်။ နောက်တစ်ပတ်လောက်မှာဗမာ နိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂ (ဗကသ) ကို ဖွဲ့တယ်။ ဆာအာချီဘောဒေါက်ဂလပ်ကော့ကရိန်း က ရန်ကုန်တက္ကသိုလ် အဓိပတိဖြစ်လာတယ်။ ကျောင်းသားတွေတောင်းဆိုသမျှ တက္ကသိုလ်အာဏာ ပိုင်တွေက လိုက်လျောတဲ့အတွက် သပိတ်လှန်ပေး လိုက်တယ်။ ကျောင်းပြန်တက်ကြတယ်။ အဲဒါ ၁၉၃၆ မေလ၊ ၁၀ ရက်နေ့ပဲ။ ၁၉၃၇ ဒီဇင်ဘာမှာ ကိုအောင် ဆန်းတို့ ကိုကျော်ငြိမ်းတို့ ဝိဇ္ဇာဘွဲ့ရတယ်။

ဗိုလ်ချုပ်အောင်ဆန်းက ဘွဲ့မရခင်မှာ ဘာနိုင်ငံ ရေးမှဟုတ်တိပတ်တိ မလုပ်ရသေးပါဘူး။ကျောင်းသား အရေးကိစ္စ နည်းနည်းပါးပါးပဲ လုပ်ပါသေးတယ်။ ဒါပေမယ့် သူက မြန်မာနိုင်ငံလွတ်လပ်ရေးရအောင် လုပ်မယ်ဆိုတာ တက္ကသိုလ်စတက်ကတည်းက စဉ်း စားဆုံးဖြတ်ထားတာ။ ဒါပေမယ့် ပညာမတတ်ရင် ဘာမှလုပ်လို့မရဘူးဆိုတာသိလို့ တက္ကသိုလ်မှာ ပညာ သင်ခဲ့တာ။ ဘွဲ့ရပြီးမှ ပြင်ပနိုင်ငံရေးဘက်ကို နည်း

mgyoe.com

mgyoe.com



နည်းချင်းပါလာတာ။ ဒါတောင် ဥပဒေဘွဲ့အတွက် တက္ကသိုလ်မှာ ၂ နှစ် ဆက်တက်လိုက်သေးတယ်။ ပြီးမှ နိုင်ငံရေးထဲကို ခြေစုံပစ်ပြီးလုပ်တာ။

ဗိုလ်ချုပ်အောင်ဆန်းတောင်မှ ဆယ်ကျော်သက်မှာ နိုင်ငံရေးစလုပ်ခဲ့တာပဲဆိုတဲ့ စကားဟာ နိုင်ငံရေးသမားလူလည်တွေက သူတို့ကိုထောက်ခံမယ့် မျိုးဆက်သစ်တွေကို နှားလှည့်ပါးရိုက်လုပ်ပြီး စည်းရုံးရေးလုပ်ထားတာ သက်သက်ပါပဲ။ နိုင်ငံရေးကို တကယ်စိတ်ဝင်စားပြီး နိုင်ငံရေးလုပ်ချင်တယ်ဆိုရင် ပညာအရင်သင်ပါ။ မြန်မာ့နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေး၊ ဥပဒေ၊ နိုင်ငံရေး သိပ္ပံတွေကို ဇောက်ချပြီးလေ့လာပါ။ တော်ရုံအားထုတ်မှုလေးလောက်နဲ့ ယောင်ကြောင်ကြောင် နိုင်ငံရေးသမားလောက်ပဲဖြစ်မယ်ဆိုတာကို လည်း သိထားပါ။

ကြုံတုန်းမှာနိုင်ငံရေးနဲ့ ပတ်သက်ပြီး သိထားရအောင် နည်းနည်းထပ်ပြောလိုက်ချင်ပါသေးတယ်။ နိုင်ငံရေးလုပ်တယ်ဆိုတာက နိုင်ငံရဲ့အရေးအရာကိစ္စတွေကို လုပ်တာပါ။ အဲသလို လုပ်ဖို့ဆိုရင် နိုင်ငံရဲ့ အရေးအရာတွေကို ကိုယ်ကသိထားဖို့ လိုတယ်။ ကိုယ့်နိုင်ငံမှာ လက်ရှိဝန်ကြီး ဘယ်နှယောက်ရှိတယ် ဆိုတာကိုတောင်မသိရင် နိုင်ငံရေးလုပ်ဖို့ မကြိုးစားပါနဲ့။ ဘယ်ဌာနတွေကို ဘယ်လို ဝန်ကြီးတွေက ကိုင်တယ်

mgyoe.com

mgyoe.com

ဆိုတာ မပါသေးဘူးနော်။ ဝန်ကြီး ဘယ်နှယောက် ရှိတယ်ဆိုတာလောက်တော့ သိသင့်တယ်။ အခု နိုင်ငံရေးသမားဆိုတဲ့သူတွေကို မေးကြည့်ပါလား။ ယောင်ကြောင်ကြောင်တွေက များနေတာကို တွေ့မှာ ပါ။

နိုင်ငံရေးသမားကောင်းဆိုတာဟာ တိုင်းပြည် ရဲ့ အရေးအရာကိစ္စအားလုံးကို အရမ်းစိတ်ဝင်စား တယ်။ ဝန်ကြီး ဘယ်နှယောက်ရှိတယ်ဆိုတာ သိတဲ့ အပြင်ဘယ်ဝန်ကြီးတွေက ဘယ်ဌာနတွေကိုတိုင် တယ်။ ဘယ်ဌာနမှာ ဘယ်ဝန်ကြီးက ဘယ်လောက် တာဝန်ထမ်းခဲ့ပြီး ဘယ်ဝန်ကြီးက ဘယ်ကနေပြောင်း ပြီး ရောက်လာတာဆိုတာတွေကိုပါ သိနေပါတယ်။ သိအောင်လည်း အားထုတ်ကြပါတယ်။ ဘယ်ဝန်ကြီး လုပ်တဲ့ဘယ်ကိစ္စဆိုရင်မှားတယ်၊ မှန်တယ်၊ လိုအပ် တယ် စတာတွေကို အမြဲစောင့်ကြည့်လေ့လာ ဝေဖန် သုံးသပ်နေလေ့ရှိပါတယ်။ ဘယ်ဌာနတွေရဲ့ လည်ပတ် ပုံက ဘယ်လို၊ ဘာတွေအားနည်းနေတယ်။ ဘာတွေ အားသာတယ် ဆိုတာကိုလည်း သူက သိပါတယ်။

အုပ်ချုပ်ရေးအပိုင်းကိုလည်း သူက စိတ်ဝင် စားပါတယ်။ သူကြီးက ဘယ်လို၊ ဆယ်အိမ်ခေါင်းက ဘယ်လို မြို့ပိုင်က ဘယ်ကဲ့သို့၊ တိုင်းမင်းကြီးက ဘယ် ပုံဆိုတာကို သူက လေ့လာနေပါတယ်။ ဘယ်သူက

mgyoe.com

mgyoe.com



ဘယ်ကပြောင်းလာတာ၊ အခုဘယ်ကို ပြောင်းသွားပြီ၊ ဘာဖြစ်သွားပြီဆိုတာလည်း သူကသိပါတယ်။ ဘယ်သူ့ရဲ့ အုပ်ချုပ်ပုံကကောင်းတယ်၊ ဘယ်သူက ညံ့တယ်၊ ဘယ်ဟာမှားတယ်၊ ဘယ်မှာမှန်တယ်ဆို တာကိုလည်း အမြဲတမ်း သုံးသပ်ဆုံးဖြတ်နေတတ်ပါ တယ်။ အုပ်ချုပ်ရေးပိုင်းနဲ့ ပတ်သက်ရင် ရှင်ဘုရင်က အစ သူကစောင့်ကြည့် လေ့လာသုံးသပ်ဆုံးဖြတ်နေ တတ်ပါတယ်။

ဒါတင်မက သူက ဥပဒေတွေကိုလည်း စိတ်ဝင် တစားနဲ့ လေ့လာပါတယ်။ ဘယ်ဥပဒေက အားနည်း နေတယ်၊ ဘယ်ဥပဒေက အားကောင်းတယ်။ အားနည်းတဲ့ ဥပဒေတွေကြောင့် ဘယ်လို ကိစ္စတွေ ဖြစ်ရတယ်၊ အားကောင်းတဲ့ ဥပဒေတွေကြောင့် ဘယ် လို ကိစ္စတွေဖြစ်ရတယ်ဆိုတာကိုလည်း သူက လေ့လာနေပါတယ်။ ဥပဒေလောကမှာ ဘာတွေ ဘယ်လိုဖြစ်နေတယ်၊ ဘာတွေပြင်ရမယ်ဆိုတာကို လည်း သူကသိနေပါတယ်။ ဥပဒေလုပ်ထုံးလုပ်နည်း တွေ၊ ရဲလုပ်ထုံးလုပ်နည်းတွေကိုလည်း လေ့လာပါ တယ်။

ပြင်ပလောက၊ ရပ်ထဲရွာထဲမှာလည်း သူက လေ့လာနေပါတယ်။ ပြည်သူတွေဘာတွေဖြစ်နေတယ်။ ဘာတွေ တွေးနေတယ်၊ ဘာတွေ ပြောနေတယ်၊

mgyoe.com

mgyoe.com



ဘာတွေလုပ်နေတယ်၊ ဘာတွေခံစားနေတယ်၊ ဘာတွေကို အပြစ်တင်နေတယ်။ ဘာတွေကို ချီးကျူး နေတယ် ဆိုတာတွေကို သူက လေ့လာပါတယ်၊ ပြည်သူတွေရဲ့ အမူအကျင့်၊ စိတ်ခါတ်၊ လုပ်ရပ်တွေ ဟာ ဘာတွေဖြစ်နေတယ်၊ ဘာတွေပြင်ရမယ်ဆိုတာ တွေကို လေ့လာသုံးသပ် ဆုံးဖြတ်နေတတ်ပါတယ်။ ထို့အတူ NGO လို အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကိုလည်း လေ့လာသုံးသပ်နေလေ့ရှိပါတယ်။

ဒါတင်မက ကမ္ဘာ့အရေးကိစ္စတွေကိုလည်း လေ့လာနေပါတယ်။ ပါလက်စတိုင်းနဲ့ အစ္စရေးတို့ရဲ့ ပြဿနာကို စလယ်ဆုံး အကုန်သိပါတယ်။ အင်အားကြီးနိုင်ငံတွေရဲ့ သမိုင်းကြောင်းတွေနဲ့ သူတို့ရဲ့ ဆောင်ရွက်ချက်တွေကိုလည်း သိနေပါတယ်။ နိုင်ငံတော်တော်များများရဲ့ တော်လှန်ရေးတွေကိုလည်း သိပါတယ်။ နာမည်ကြီးခေါင်းဆောင်တွေရဲ့ အတ္ထုပ္ပတ္တိတွေကိုလည်း သူက သိပါတယ်။ နိုင်ငံတချို့ရဲ့ ပဋိပက္ခတွေကိုလည်း လေ့လာထားပါတယ်။ လက်ရှိနိုင်ငံကြီးတွေရဲ့ ခြေလှမ်းတွေကိုလည်း စောင့်ကြည့်နေပါတယ်။ အာဆီယံအဖွဲ့၊ ဥရောပသမဂ္ဂ၊ နေတိုး၊ ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂအစရှိ တဲ့ အဖွဲ့အစည်းကြီးတွေရဲ့ သမိုင်းကြောင်း၊ ဖွဲ့စည်းပုံ လုပ်ကိုင်ဆောင်ရွက်နေပုံတွေကိုလည်း လေ့လာထားပါတယ်။ ကမ္ဘာ့ပထဝီကို

mgyoe.com

mgyoe.com



လည်း သူက လေ့လာထားပါသေးတယ်။

အခုနောက်ပိုင်း ၂၀ ရာစုမှာ ပြောင်းလဲတိုးတက်လာတဲ့ ကမ္ဘာလုံးချီအတွေးအခေါ်တွေကို စဉ်ဆက်မပြတ် လေ့လာနေဖို့လည်း လိုအပ်ပါသေးတယ်။ အဲဒါတွေကို အင်တာနက်ထဲမှာ ဖတ်ရှုနိုင်ပါတယ်။ အင်္ဂလိပ်စာကို ကောင်းကောင်းတတ်ဖို့တော့ လိုတာပေါ့လေ။ သူတို့ဆီက သုခမိန်တွေဟာ တစ်ခုခုကို စဉ်းစားရင် တစ်ကမ္ဘာလုံးနဲ့ ချိချိပြီး စဉ်းစားလေ့ ရှိကြတယ်။ လက်ရှိမှာလည်း တချို့ကလည်း အဖွဲ့အစည်းကြီးတစ်ခုရဲ့ အကြံပေးပုဂ္ဂိုလ်ကြီးတွေ၊ တချို့ကလည်း နိုင်ငံတော်ရဲ့ အကြံပေး ပုဂ္ဂိုလ်ကြီးတွေ ဖြစ်ကြလေတော့ သူတို့ဆီမှာ တစ်ကမ္ဘာလုံးက အချက်အလက်တွေ သောင်းခြောက်ထောင်ရှိနေပါတယ်။

အရေးကြီးတာက နိုင်ငံရေးသမားကောင်းဆိုတာ ကိုယ့်နိုင်ငံရေးသမိုင်းကို ကျေညက်နေရပါမယ်။ အဲဒီသမိုင်းထဲကနေ အားနည်းချက်၊ အားသာချက်၊ အမှန်နဲ့အမှား အဆိုးနဲ့အကောင်းကို ခွဲခြားတတ်ရပါမယ်။ ဒါတင်မက ကိုယ့်လူမျိုးရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုလည်း လေ့လာထားရပါမယ်။ ကိုယ့်လူမျိုးအသီးသီးရဲ့စရိုက်နဲ့ လက္ခဏာတွေကိုလည်း နားလည်ရပါမယ်။ ဒေသန္တရဗဟုသုတနဲ့လည်း ပြည့်စုံရပါမယ်။ အနည်းဆုံး တိုင်းနဲ့ပြည်နယ် လေးငါး ခြောက်ခု

mgyoe.com

mgyoe.com



လောက်ကိုတော့ လည်ပတ်သွားလာ ဖူးရပါမယ်။ ပဲခူးနဲ့ ဒလ လောက်ကိုတောင် မရောက်ဖူးဘဲနဲ့ နိုင်ငံရေးလုပ်လို့မရပါဘူး။

နောက်တစ်ခုက စာပေ အဖတ်အရှုများရပါမယ်။ ဘယ်လိုစာအုပ်တွေကို ဖတ်ရမှာလဲဆိုတော့ အစုံကိုဖတ်ရမှာပါ။ သမိုင်း၊ ဥပဒေ၊ ယဉ်ကျေးမှု၊ အတွေးအခေါ်၊ စီးပွားရေး စတာတွေကိုတော့ ပိုများများ ဖတ်ရမှာပါ။ နိုင်ငံရေးသမားဆိုတာ အားလုံးကို တီးခေါက်မိထားမှ ရပါမယ်။ မှန်ဆိုတာ ဘယ်ကုန်ကြမ်းကနေဖြစ်လာတာလဲဆိုတာလောက်ကိုတော့ သိထားရပါမယ်။ ဒါ့အပြင် ရသဝတ္ထုတွေကိုလည်း ဖတ်ထားရပါမယ်။ ဦးနှောက်နဲ့ နှလုံးသား မျှခြေညီဖို့ အတွက်ပါ။ နိုင်ငံတကာရဲ့ ယဉ်ကျေးမှုဓလေ့ထုံးစံတွေကိုလည်း လေ့လာထားရပါမယ်။

နိုင်ငံရေးသမားကောင်းဆိုတာဟာ ကိုယ့်နိုင်ငံကိုကောင်းသည်ထက်ကောင်းအောင် ပြုပြင်လိုစိတ်ရှိတဲ့သူတွေဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို ပိုပြီး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ချင်နေကြတဲ့သူတွေပါ။ ပြင်မယ်ဆိုရင်တော့ ဘာတွေမှားနေတယ်၊ ဘာတွေလိုနေတယ်၊ ဘာကြောင့်မှားနေတယ်၊ ဘယ်လိုမှပြင်မှရမယ်၊ ဘယ်နည်းက ပိုကောင်းမယ်စတာတွေကို သိနေမှဖြစ်ပါမယ်။ သိဖို့ရာအတွက်လည်း တော်ရုံအားထုတ်လို့

mgyoe.com

mgyoe.com



မရပါဘူး။ ခဏာလေးအားထုတ်ရုံနဲ့လည်း မရပါဘူး။ နှစ်ပေါင်းများစွာ တစိုက်မတ်မတ် အားထုတ်လာခဲ့မှ ရပါတယ်။ ဒါကြောင့် နိုင်ငံတိုင်းမှာ သမ္မတလုပ်မယ့်သူတွေ၊ ဝန်ကြီးချုပ်လုပ်မယ့်သူတွေ၊ လွှတ်တော်အမတ်လုပ်မယ့်သူတွေရဲ့ အသက်တွေကို သတ်မှတ်ထားရတာပဲ ဖြစ်ပါတယ်။ ကလေးတွေကို တက်လုပ်ခွင့်မပေးပါဘူး။ ဆယ်ကျောက်သက်ဆိုတာက လေ့လာအားထုတ်မှု ရင့်ကျင့်မှုလိုသေးတယ်လို့ နိုင်ငံတိုင်းက သတ်မှတ်ထားကြပါတယ်။

အခုလောက်ဆိုရင် နိုင်ငံရေးသမားတစ်ဦးဖြစ်ဖို့ ဘာတွေလိုအပ်တယ်ဆိုတာ ရိပ်မိလောက်ပါပြီ။ တော်ရိလျော်ရိ လေ့လာအားထုတ်ထားတဲ့ နိုင်ငံရေးသမားတွေနဲ့ ကိုယ့်နိုင်ငံကို ဘယ်လိုဖွံ့ဖြိုးတိုးတက်အောင် လုပ်နိုင်မှာလဲဆိုတာ စဉ်းစားကြည့်စေချင်ပါတယ်။ နိုင်ငံရေးကို စိတ်ဝင်စားတယ်ဆိုရင် ဘွဲ့ရအောင်အရင်လုပ်လိုက်ပါ။ အင်္ဂလိပ်လို ကောင်းကောင်းတတ်ပါစေ။ ပြီးရင် စပြီးလေ့လာပါတော့။ အသက် နှစ်ဆယ်ကနေ ဇောက်ချပြီး အားထုတ်လိုက်ရင် အသက်သုံးဆယ်ကျော်လောက်မှာ နိုင်ငံရေးစလုပ်လို့ ရပါပြီ။

အခုလောလောဆယ်မှာတော့ ဆယ်ကျော်သက်တွေအနေနဲ့ နိုင်ငံရေးဘက်ကို ခြေဦးမလှည့်ပါနဲ့ဆိုတာကိုပဲ စေတနာရှေ့ထားပြီး စကားပိတ်ဆိုပါရစေ။

mgyoe.com

mgyoe.com



ကောင်းကျိုးထက်ဆိုးကျိုးတွေက ပိုများလိမ့်မယ်ဆိုတာ ကိုယ်တွေ့အတွေ့အကြုံတွေနဲ့ ယှဉ်ပြီးပြောရဲပါတယ်။ နိုင်ငံမှာဘာတွေဖြစ်နေတယ်။ ဘာကြောင့် ဖြစ်ရတယ်ဆိုတာတွေကို စိတ်ဝင်စားမနေပါနဲ့။ နိုင်ငံ့အရေးဆိုတာ ကိုယ်လည်း နေ့တိုင်းကြုံနေသိနေရတာပဲ။ အဲဒီအဆင့်မှာပဲ ရပ်ထားလိုက်ပြီး စာကိုပဲ စိတ်ဝင်စားပါ။ မဟုတ်တာတွေကို လျှောက်ပြီး တသီတတန်းကြီးစဉ်းစားမနေပါနဲ့။ ကိုယ့်အလုပ်မဟုတ်ဘူးလို့ပဲ သဘောပိုက်ထားလိုက်ပါ။ ဘယ်လိုနိုင်ငံရေး ကိစ္စကိုမှလည်း ဝင်မပါမိအောင်နေပါ။

နိုင်ငံရေးဆိုတာ ဘယ်ခေတ်ကိုပဲရောက်ရောက် ဘယ်ခုနှစ်ပဲရောက်ရောက် ရှုပ်ထွေးမြဲရှုပ်ထွေးနေဦးမယ်ဆိုတာကို မှတ်ထားပါ။ ဘာမှ ထွေထွေထူးထူးစဉ်းစားစရာ၊ လုပ်စရာမလိုလောက်အောင် ရှင်းလင်းနေတဲ့ နိုင်ငံရေးဆိုတာ ကမ္ဘာပေါ်မှာ မရှိသေးပါဘူး။ နောင်လည်း ရှိလာမှာ မဟုတ်ပါဘူး။ နိုင်ငံရေးလောကဆိုတာဟာ နိုင်ငံကို ကောင်းစားစေချင်တဲ့ နိုင်ငံရေးသမားကနည်းနည်း၊ ကိုယ်ကျိုးရှာချင်တဲ့ နိုင်ငံရေးသမားကများများဆိုတာကိုလည်း တစ်ထစ်ချမှတ်ထားဖို့လိုပါတယ်။ နိုင်ငံရေးသမားကောင်းဆိုတာဟာ ကိုယ်ကျိုးကို စွန့်လွှတ်အနစ်နာခံနိုင်ရပါတယ်။ ဒါပေမယ့် ခေတ်တိုင်းမှာ လူလည်နိုင်ငံရေးသမားတွေပဲ

mgyoe.com

mgyoe.com



များနေတာကို ကိုယ်တွေ့ကြုံသိပြီးဖြစ်လို့ ပြောနေရတာပါ။

ကျောင်းသားအရွယ်ဆိုတာ ကိုယ်နဲ့တိုက်ရိုက်သက်ဆိုင်တဲ့ ကျောင်းစာကို အားထုတ်ကြိုးစားနေရင် ဒါဟာ အဲဒီကျောင်းသား တကယ့်နိုင်ငံရေး အစစ်ကို လုပ်နေတာလို့ သတ်မှတ်ရပါမယ်။ ပြင်ပကနိုင်ငံရေးကို သွားလုပ်နေရင်း ကိုယ်နဲ့မဆိုင်တဲ့နိုင်ငံရေးကို လုပ်နေတာဖြစ်တဲ့အတွက် တိုင်းပြည်နစ်နာပါတယ်။ ဒါကို ကြပ်ကြပ် သတိထားပါ။ နောင်တစ်ခေတ်မှာ ခုနက ပြောခဲ့သလို နိုင်ငံရေးသမားကောင်းတွေ အများကြီး ပေါ်ထွက်လာစေချင်တာဟာ ရင်ထဲမှာ အရမ်းဖြစ်ချင်တဲ့ဆန္ဒပါ။ ဒါမှန်သောစကားပါ။

■

mgyoe.com

mgyoe.com

## အားလုံးကို ငါကယ်တင်မှရမယ်

ကျန်တာတွေကို မပြောခင် ဒီကိစ္စကို အရင်ကြို ပြီး ပြောထားနှင့်တာက ပိုကောင်းမယ်ထင်ပါတယ်။ လက်ရှိဒီနိုင်ငံမှာ မိသားစုအတော်များများဟာ စီးပွား ရေးသိပ် အဆင်မပြေပါဘူး။ မိသားစု ဆယ်သန်းရှိ တယ်ဆိုရင် ကိုးသန်းက အဆင်မပြေပါဘူး။ အဲဒီ ကိုးသန်းထဲကမှ တစ်သန်းလောက်ကပဲ စားနိုင် သောက်နိုင်ရှိပြီး ကျန်တဲ့ရှစ်သန်းက စားဖို့ကိုတောင် အတော် အားထုတ်နေရတဲ့သူတွေပါ။ အခုဒီစာစုတွေ ကို ဖတ်နေကြတဲ့သူတွေထဲမှာလည်း ရှစ်ဆယ်ရာခိုင် နှုန်းက အိမ်ရဲ့ စီးပွားရေး အဆင်မပြေဖြစ်နေကြတဲ့ သူတွေဖြစ်မယ် ထင်ပါတယ်။

ကိုယ့်ရဲ့သားသမီးကို ပညာတတ်စေချင်လို့သာ ကျောင်းထားရတာပါ။ ပညာရေးနဲ့ ပတ်သက်ပြီး

mgyoe.com

mgyoe.com



အခြား အပိုကုန်ရမယ့် ငွေကြေးတွေ မတတ်နိုင်တာက အများစုပါ။ ဒါတောင်မှ အစိုးရအထက်တန်းကျောင်းတွေက ကျောင်းလခမပေးရလို့ တော်သေးတာပေါ့။ အခုဆိုရင် ပုဂ္ဂလိကကျောင်းတွေကို အစိုးရက ဖွင့်ခွင့်ပေးလိုက်တဲ့အခါမှာ ကျောင်းလခတွေက တစ်လတစ်လစာကို သိန်းနဲ့ ချီပြီး ယူကြတာ။ သားသမီးတွေကို ကျောင်းထားပေးတဲ့အပြင် တစ်လကို နှစ်သောင်း၊ သုံးသောင်းအကုန်ခံပြီး ကျူရှင်ကိုပါ ထားပေးနိုင်တဲ့ မိဘတွေရဲ့ ကျေးဇူးဟာ မနည်းလှပါဘူး။ ကျောင်းဝတ်စုံဖိုး၊ စာအုပ်ဖိုး၊ စာရေးကိရိယာဖိုး၊ မုန့်ဖိုးအားလုံးကို ပေါင်းလိုက်ရင် ဆယ်ကျော်သက်တစ်ဦး အတွက် လစဉ် ငါးသောင်းရဲ့ အထက်မှာရှိပါတယ်။

ဘာကျူရှင်ကိုမှ မထားပေးနိုင်ရင်တောင် ကျောင်းသားတစ်ယောက်ရဲ့ ကုန်ကျစရိတ်က တစ်လကို နှစ်သောင်း၊ သုံးသောင်းရှိပါတယ်။ ကိုယ့်ရဲ့ အိမ်မှာကလည်း ကိုယ်တစ်ယောက်တည်းမဟုတ်ဘဲ မောင်မနှသုံးလေးငါးယောက်ရှိတယ်ဆိုရင် ဘယ်လောက်ကုန်မယ်ဆိုတာ တွက်သာကြည့်ကြပေတော့။ တစ်နေ့တစ်နေ့ စားဖို့သောက်ဖို့ကိစ္စ၊ ကျန်းမာရေးအတွက် ကုန်ကျစားရိတ်တွေနဲ့ပါပြီး မိသားစုတော်တော်များများဟာ လူမှုရေးကုန်ကျစားရိတ်တွေကို

mgyoe.com

mgyoe.com



တောင် အကုန်မခံနိုင်တော့တဲ့အတွက် မဂ်လာဆောင်တွေ၊ အသုဘတွေက အစ မသိကျိုးကျွံပြုလို့ရရင် ပြုလာကြတာကို တွေ့ရမှာပါ။

မိဘတွေရဲ့ ဒုက္ခတွေကို သားသမီးတွေက ဘာမှ ဖြေရှင်းမပေးနိုင်ပေမယ့် သိတာကတော့ သိနေကြပါတယ်။ မိဘတွေအနေနဲ့ကတော့ အခုလို စားဝတ်နေရေးက ဖိစီးနေတော့ ပညာတွေထပ်သင်ပြီး ရာထူးတွေတိုး၊ လစာတွေတိုးပြီး ငွေကြေးချောင်လည်လာဖို့က မဖြစ်နိုင်တော့ပါဘူး။ အားလုံးဟာ အကန့်အကတ်ရှိသွားပါပြီ။ လက်ရှိထက် ပိုကောင်းလာမှာကို မျှော်လင့်ရင်း လက်ရှိထက် ကျမသွားအောင်ကိုပဲ မနည်းအားထုတ်နေရတာပါ။ ဒါတွေကို ဆယ်ကျော်သက်တွေအနေနဲ့ တိုက်ရိုက်ခံစားရတဲ့အတွက် အသိတရားလေးတွေ ရှိစေချင်တယ်။

ငါတို့ရဲ့ မိဘတွေကတော့ ငါတို့ရဲ့ ဘဝကို ဒီထက်မြင့်မားလာအောင် စွမ်းဆောင်ပေးနိုင်ဖို့တော့ မလွယ်လှဘူး။ အားလုံးကို ငါကယ်တင်မှရမယ်ဆိုတဲ့ စိတ်ကို မွေးမြူကြစေချင်ပါတယ်။ အဲဒီစိတ်မျိုး ခိုင်ခိုင်မာမာ ဝင်ရောက်လာပြီဆိုရင် ကိုယ့်ဘဝအတွက် ကြီးမားတဲ့ တွန်းအားကြီးဖြစ်တော့တာပါပဲ။ အားလုံးကို ကယ်တင်တော့မယ့် လူတစ်ယောက်အတွက် အချိန်တွေဟာ အရမ်းတန်ဖိုးရှိလာပါပြီ။ ကျူရှင်ထားပေး

mgyoe.com

mgyoe.com


နိုင်သည်ဖြစ်စေ၊ မထားပေးနိုင်သည်ဖြစ်စေ စာတော်အောင် ဖိပြီး ကြိုးစားဖို့ လိုအပ်လာပါပြီ။ စာတော်တဲ့ ကလေးတစ်ယောက်အတွက် ပညာသင်ထောက်ပံ့ကြေးတွေပေးနေတာ တော်တော်များများမှာ ကြားနေရပါတယ်။

ဟိုရှေးပိုင်းမှာတုန်းက အင်္ဂလိပ်စာကို ကျွမ်းကျင်အောင် လုပ်ပါဆိုပြီး ပြောခဲ့ပါသေးတယ်။ အခုဟာက ကျောင်းစာပါတော်ခဲ့ရင် နိုင်ငံတကာက တက္ကသိုလ်တွေမှာ ပညာသင်ထောက်ပံ့ကြေးတွေ ပေးနေပါတယ်။ ဆယ်တန်းအောင်ပြီးသွားတာနဲ့ ကိုယ့်ရဲ့ပညာဆက်လက်သင်ကြားဖို့ မိဘက ငွေကုန်ခံစရာမလိုတော့ဘူးဆိုတော့ အဲဒီမှာပဲစပြီး မိဘကို ကယ်တင်ရာရောက်သွားပါပြီ။ နိုင်ငံတကာ တက္ကသိုလ်တွေက ပညာသင်ထောက်ပံ့ကြေးပေးတယ်ဆိုရာမှာလည်း တော်ရုံလောက်ဆိုရင် မပေးကြပါဘူး။ ပညာချွန်နေမှ ပေးတာမျိုးပါ။ ဆယ်တန်းမှာ အမှတ်ပေါင်းလေးရာကျော် ဖြစ်နိုင်ရင် လေးရာ့ငါးဆယ်ကျော်ရပြီး IELTS စာမေးပွဲမှာ 7 မှတ် 7.5 မှတ်၊ ဖြစ်နိုင်ရင် 8.0 မှတ်လောက်ရနေပါမှ ပညာသင်ထောက်ပံ့ကြေးအတွက် စဉ်းစားကြတာမျိုးပါ။

နိုင်ငံခြားတက္ကသိုလ်တွေရဲ့ ပညာသင်စားရိတ်တွေကလည်း မနည်းပါဘူး။ စားစရိတ် နေစရိတ်

mgyoe.com

mgyoe.com

အပါအဝင် အားလုံးပေါင်း တစ်နှစ်ကို ဒေါ်လာ နှစ်သောင်းကနေ ငါးသောင်းအထိ ရှိပါတယ်။ နိုင်ငံ အလိုက်ကွဲပြားသလို တက္ကသိုလ်အလိုက် ကုန်ကျ စားရိတ်တွေက ကွာခြားပါတယ်။ နာမည်ကျော် တက္ကသိုလ်တွေဆိုရင် ကုန်ကျစားရိတ်တွေက ဝီခေါ် နေတာပါပဲ။ အဲဒီအတွက် ပညာသင်ထောက်ပံ့ကြေး တွေကို ၂၅ %၊ ၅၀ %၊ ၇၅%၊ ၁၀၀% ဆိုပြီး အမျိုးမျိုး ခွဲပေးကြပါတယ်။ ဆယ်တန်းမှာ အမှတ် ပေါင်း ငါးရာကျော်နဲ့ IELTS 8.5 မှတ် ရခဲ့မယ်ဆို ရင် ဘယ်တက္ကသိုလ်ကမဆို ပညာသင်ထောက်ပံ့ ကြေးတစ်ရာရာခိုင်နှုန်းအပြည့်ပေးမှာပါပဲ။ ဒါတင်မက သူတို့ဆီကိုလာဖို့ လေယာဉ်လက်မှတ်ပါ ပို့ပေးလိုက် ဦးမယ်။ ကျောင်းတက်နေစဉ်မှာလည်း အပြင်က စာအုပ်တွေဝယ်ဖတ်ဖို့နဲ့ အခြားအသေးသုံးအတွက် တစ်လကို ဒေါ်လာငါးရာလောက်က မုန့်ဖိုးအနေနဲ့ ပေးဦးမှာပါ။ ဟိုတယ်ခန်းလောက် နီးနီးကောင်းတဲ့ အိပ်ခန်းမှာနေရပြီး အစားကောင်းကောင်းလည်း အလ ကားစားရမှာပါ။ စာအုပ်စာတမ်းဘာညာတွေအတွက် လည်း တစ်ပြားမှ မကုန်ရတော့ ဘယ်လောက် ပျော် စရာကောင်းလိုက်မလဲ။

လွန်ခဲ့တဲ့ နှစ်နှစ်ဆယ် ဟိုဘက်တုန်းကဆိုရင် ဒီလို အခွင့်အရေးတွေ ကျောင်းသားတွေ မရခဲ့ပါဘူး။

mgyoe.com

mgyoe.com

အလွန်ဆုံး သွားနိုင်ရင် ထိုင်းနိုင်ငံက AIT ကိုလောက်ပဲ သွားနိုင်ကြပါတယ်။ အခုတော့ ကိုယ်က စာတော်တယ်ဆိုရင် အင်တာနက်ကနေတစ်ဆင့် တစ်ကမ္ဘာလုံးက တက္ကသိုလ်တွေကို ပညာသင်ထောက်ပံ့ကြေးနဲ့ ကျောင်းတက်ခွင့် ရဖို့ လျှောက်ထားနိုင်ကြပါပြီ။ အင်တာဗျူးတွေကိုလည်း အင်တာနက်ကနေပဲ ဖြေလို့ရနေပါပြီ။ အဲသလိုနည်းနဲ့ နိုင်ငံတကာက တက္ကသိုလ်တွေမှာ တစ်ပြားမှမကုန်ရဘဲ ပညာသင်နေကြတဲ့ ကျောင်းသားတွေ ထောင်နဲ့ချီပြီး ရှိနေပါပြီ။ ကိုယ်လည်း ကြိုးစားရင် ရနိုင်ပါတယ်။

အဲဒီတက္ကသိုလ်တွေက ဆင်းလာခဲ့ပြီဆိုရင်လည်း ကုမ္ပဏီတွေမှာ လစာ ဒေါ်လာထောင်နဲ့ချီပြီး ရကြပါတယ်။ အနည်းဆုံး ဒေါ်လာနှစ်ထောင်၊ သုံးထောင်ကနေစပြီး ရကြပါပြီ။ တချို့ကလည်း ဒီထက်မြင့်တဲ့ပညာတွေကို ဆက်သင်ကြသေးတယ်။ စာတော်လို့ အမှတ်တွေကောင်းရင် ပညာသင်ထောက်ပံ့ကြေးတွေ ဆက်ပေးကြတာကိုး။ ပရော်ဖက်ဆာဘွဲ့တွေယူတဲ့အထိ ပေးကြပါတယ်။ တချို့ကလည်း ကျောင်းတက်ရင်း တစ်ဖက်ကနေ အချိန်ပိုင်း အလုပ်ထွက်လုပ်ပြီး ရတဲ့ ပိုက်ဆံကို အိမ်ကိုပြန်ပို့ကြတယ်။ တစ်လ တစ်လကို ဒေါ်လာငါးရာလောက်ပို့နိုင်ရင်ပဲ အိမ်တစ်အိမ်က အဆင်ပြေသွားပါပြီ။ ဒါဟာ ကျောင်း

mgyoe.com

mgyoe.com

နိုင်ငံတစ်နိုင်ငံဟာ နှစ်အနည်းငယ်အတွင်း အများကြီး ဖွံ့ဖြိုးတိုးတက်လာနိုင်ပါတယ်။ ဒီထက်ပိုပြီး ကြီးကြီး ကျယ်ကျယ် ပြောရမယ်ဆိုရင် နိုင်ငံတစ်နိုင်ငံကို သာမက ဗ္ဗာစ်ကမ္ဘာလုံးကိုတောင် ကယ်တင်နိုင်ပါလိမ့် မယ်။

■

mgyoe.com

mgyoe.com

## အပေါင်းအသင်းဆုံးအောင်လုပ်ပါ

ဆိုလိုချင်တာက သူငယ်ချင်းတွေ များများရအောင် လုပ်ပါ။ လူနဲ့လူအချင်းချင်း ပေါင်းရသင်းရမှာ တချို့က ကြောက်ကြတယ်။ ဆယ်ကျော်သက်တွေမှာ များသောအားဖြင့် တွေ့ရတာက နှုတ်နည်းကြတာပါပဲ။ သူတို့အချင်းချင်း တွေ့ကြရင်တော့ စကားတွေကို ဖောင်ဖွဲ့အောင် ပြောတတ်ကြတယ်။ သူတို့သူငယ်ချင်းမဟုတ်တဲ့ အခန်းထဲက ကျောင်းသားတစ်ယောက်ကို နေ့တိုင်းမြင်တွေ့နေရတာတောင် "စားပြီးပြီလား"၊ "စားပါဦးလား"၊"ပြန်တော့မလို့လား" စတာလေးတွေကိုတောင် မမေးနိုင်၊ မပြောနိုင်ဖြစ်နေကြတာဟာ နှုတ်နည်းကြတာပါပဲ။

ဒီနိုင်ငံက အနောက်နိုင်ငံတွေနဲ့ ယဉ်ကျေးမှုချင်း မတူပါဘူး။ အနောက်နိုင်ငံတွေမှာတော့ ကြားလူ တစ်

mgyoe.com

mgyoe.com


ယောက်ယောက်က မိတ်ဆက်မပေးဘဲနဲ့အသိအကျွမ်း အဖြစ် အသိအမှတ်မပြုကြပါဘူး။ ဒီမှာကတော့ တွေ့နေကျလူတွေဆိုရင် ခေါ်ပြော နှုတ်ဆက်ကြရင်း နဲ့ အသိအကျွမ်းတွေ၊ မိတ်ဆွေတွေ ဖြစ်သွားကြတာပါ ပဲ။ ခက်နေတာတစ်ခုက ဒီနိုင်ငံက လူတွေဟာ ဘာမဟုတ်တာလေးကို အားနာသလိုလို ရှက်သလို လို လုပ်နေကြတာပါပဲ။ ကိုယ်နဲ့တွေ့နေကျ လူပဲ ဘာဖြစ်လဲ၊ နောက်တွေ့ရင် ပြုံးပြပြီး နှုတ်ဆက်လိုက် ပေါ့။ နောက်နေ့တွေလည်း အဲဒီအတိုင်းနှုတ်ဆက်ပေါ့။ နောက်ကျတော့ နည်းနည်းတိုးပြီး "အလုပ်သွားတော့ မလို့လား" "ပြန်ပြီလား" အစရှိသဖြင့် နှုတ်ဆက်ပေါ့။ နောင်လည်း အဲသလိုခေါ်ပြောပြီး နှုတ်ဆက်ပေါ့။ ကိုယ်က စားစရာဝယ်စားလာတာပဲဖြစ်ဖြစ်၊ လက်ဖက် ရည်ဆိုင်ထိုင်နေတာပဲ ဖြစ်ဖြစ်ကြုံလာရင် "သောက်ပါ ဦးလား" "စားပါဦးလား" စသည်ဖြင့် ပြောပေါ့။ မေးပေါ့။

ကိုယ်ကစပြုံးပြလို့ ကိုယ့်ကို ဘယ်သူမှ ပါးရိုက် မလွှတ်ပါဘူး။ မြန်မာတွေ ဒီလောက်မရိုင်းပါဘူး။ ကိုယ်က နှုတ်ဆက်ရင်သူကလည်း ပြန်နှုတ်ဆက်မှာပဲ။ အဲသလို နေ့တိုင်းတွေ့နေကျလည်းဖြစ်၊ နှုတ်ဆက်နေ ကျလည်းဖြစ်ပြီဆိုရင် သူ့အကြောင်းကို ကိုယ်ကစုံစမ်း ကြည့်ပေါ့။ ဆိုးဆိုးရွားရွား လက်မခံနိုင်လောက်စရာ

mgyoe.com

mgyoe.com



အကျင့်စာရိတ္တမျိုးရှိတယ်ဆိုရင် ရှေ့ကိုဆက်မတိုးနဲ့ပေါ့။ ဒါမှမဟုတ်ရင်တော့လည်း ရှေ့ကို ဆက်တိုးပေါ့။ တစ်နေရာရာမှာ အကြောင်းတစ်ခုခုကြောင့် စကားလေးနည်းနည်း ပြောဖြစ်သွားကြပြီဆိုရင် မိတ်ဆွေတွေစဖြစ်သွားကြပါပြီ။

ဆယ်ကျော်သက်တွေရဲ့ ဘဝတွေဟာမိတ်ဆွေတွေ အများကြီးရဖို့ အခွင့်အလမ်းတွေ အပြည့်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျောင်းတက်နေရတာကိုး။ ကျောင်းတက်နေရပြီဆိုကတည်းက လူတွေရာထောင်ချီရှိတဲ့ နေရာကို နေ့တိုင်းသွားနေရပြီလေ။ နောက်ပြီးတော့ အဲဒီလူတွေ အကုန်လုံးဟာ ကိုယ့်လိုပဲ ကျောင်းသူကျောင်းသားတွေချည်းပဲလေ။ ဆိုလိုတာက ကိုယ့်ထက်ရာထူးကြီးတဲ့သူတစ်ယောက်မှ မပါဘူး။ ကိုယ်နဲ့ရွယ်တူတန်းတူတွေဖြစ်တဲ့အပြင် Level တွေချည်းပဲလေ။ ဘယ်လောက်ကောင်းလိုက်သလဲ။ ကိုယ့်ကိုအမိန့်ပေးမယ့်သူမရှိသလို ကိုယ်က ကြောက်ရမယ့်သူမရှိဘူး။ ထိုနည်းတူစွာ ကိုယ်ကလည်း ဘယ်သူ့ကိုမှအမိန့်ပေးလို့မရတဲ့အပြင် ဘယ်သူကမှလည်း ကိုယ့်ကိုကြောက်မှာ မဟုတ်ဘူး။ အားလုံးဟာ လယ်ဗယ်တူလယ်ဗယ်ပဲလေ။

အဲသလို အတူတူနဲ့ အနူနူချင်းကို ဘာဖြစ်လို့မခေါ်ရဲ၊ မပြောရဲ၊ နှုတ်မဆက်ရဲရမှာလဲ။ မခေါ်ရဲ၊ မပြော

mgyoe.com

mgyoe.com



ရဲ၊ နှုတ်မဆက်ရဲတဲ့သူဟာ လူစွမ်းလူစည့်လို့ပဲ ဖြစ်ပါတယ်။ ဘာမှမဟုတ်တာလေးကို ရှက်နေ၊ ကြောက်နေ၊ အားနာနေတဲ့သူဟာ ကြီးပြင်းလာရင် လူတောမတိုးရဲတဲ့သူတစ်ယောက်ဖြစ်လာတော့တာပါပဲ။ ဒါကြောင့် ဒီနေ့ကစပြီး ပြင်လိုက်ပါတော့။ သူဟာ သူဌေးကြီးရဲ့သားမို့၊ သူက ဗိုလ်မှူးကြီးရဲ့သားမို့ မခေါ်ရဲ၊ မပြောရဲဖြစ်နေတာမျိုးကိုလည်း ရှောင်ရပါမယ်။ တကယ်လက်တွေ့ပေါင်းကြည့်ကြရတဲ့အခါကျတော့ သူတို့တွေကတောင် ပိုပြီးပေါင်းလို့ သင်းလို့ကောင်းနေတတ်တာမျိုးတွေလည်း ဖြစ်လာနိုင်ပါတယ်။

နောက်တစ်မျိုးရှိတတ်တာလေးက စာတော်တဲ့သူကို သွားမပေါင်းချင်တတ်ကြတာပဲ။ စိတ်ထဲမယ် ဘာကလိုတိုတိုကြီး ဖြစ်နေကြတယ်။ အမှန်ကတော့ သူများတွေက ကိုယ့်ကို တစ်မျိုးထင်မှာကို ကြောက်နေလို့ပါပဲ။ အမှန်ကတော့ ဒီလို စာတော်တဲ့သူမျိုးကို ပိုပြီး ခပ်မြန်မြန်တောင်ပေါင်းရဦးမှာ။ ကိုယ်နဲ့သူငယ်ချင်း ဖြစ်ပြီးသွားရင် ကျန်တဲ့ ကိုယ့်ရဲ့သူငယ်ချင်းတွေနဲ့လည်းမိတ်ဆက်ပေးလိုက်ပေါ့။ တစ်ခုတော့သတိထားပေါ့။ စာတော်တဲ့သူတစ်ယောက်က စာမကြိုးစားဘဲ ပေတေနေတဲ့သူတွေကိုတော့ သိပ်မပေါင်းချင်တတ် ကြဘူး။ အဲဒီအတွက် သူတို့မှာ အပေါင်းအသင်းနည်းနေတတ်တယ်။

mgyoe.com

mgyoe.com



အပေါင်းအသင်းများပါတယ်ဆိုတဲ့သူတွေကို ကြည့်လိုက်ရင် အများစုက ပျော်ပျော်နေတတ်ကြတဲ့ သူတွေပဲ ဖြစ်တယ်။ အဲဒီသူတွေဟာ များသောအားဖြင့် စာကြိုးစားလေ့ မရှိဘူး။ တချို့တွေက ပေါ့ပေါ့နေ ပေါ့ပေါ့စား စရိုက်ရှိတယ်။ ကျောင်းသားအများစုရဲ့ စရိုက်တွေက ပေါ့လော့ပါးလား နေချင်တတ်ကြ တာပါပဲ။ တစ်နေ့ တစ်နေ့စာပဲ လုပ်ချင်နေပါတယ် ဆိုတဲ့ ကျောင်းသားက တစ်ရာမှာ တစ်ယောက် နှစ် ယောက်လောက်ပဲရှိမှာပါ။ အဲဒီ တစ်ယောက် နှစ် ယောက်လောက်နဲ့ ပေါင်းသင်းမိသွားရင် ကိုယ်လည်း ပေါ့လော့ ပါးလားတွေ လျှော့ပြီး စာလေးဘာလေး လုပ်လာနိုင်တာပေါ့။

ကိုယ်က စာကြိုးစားတဲ့သူဖြစ်နေရင်လည်း အခြားကျောင်းသားတွေကို ပေါင်းရမှာပါပဲ။ ကိုယ်နဲ့ ရင်းနှီးသွားပြီဆိုတော့လည်း သူတို့ကို စာကျက်ကြဖို့ တိုက်တွန်းပေးပေါ့။ သူတို့မရတဲ့စာတွေကိုလည်း ပြပေး ပေါ့။ သူတို့နဲ့ ပေါင်းသင်းခြင်းအားဖြင့် ကိုယ်လည်း ဗဟုသုတအသစ်တွေတိုးမှာ ဧကန်ပါပဲ။ ဘာဖြစ်လို့ လည်း ဆိုတော့ သူတို့က စုံကြတယ်လေ။ ကိုယ်က စာထဲမှာချည်းပဲ နစ်မြုပ်နေတော့ သူတို့လောက် ဘယ်စုံနိုင်မလဲ။ ကိုယ်ကလည်း ကိုယ့်ရဲ့အချိန်ထဲက နည်းနည်းတော့ ဖဲ့ပေးရတာပေါ့။ ဒါပေမယ့် ကိုယ့်ရဲ့

mgyoe.com

mgyoe.com



စာကြည့်ချိန်တွေကိုတော့ အထိအခိုက်မခံနဲ့ပေါ့။ စာရိတ္တအတော်လေးညံ့တဲ့ ကျောင်းသားတွေကိုတော့ ရှောင်ရမှာပေါ့။

အပေါင်းအသင်းများတဲ့ သူနဲ့ နည်းတဲ့သူဆိုတာ အများကြီး ကွာခြားပါတယ်။ အပေါင်းအသင်းများတဲ့သူတွေက သူတို့ရဲ့ဘဝဟာ လုံခြုံတယ်လို့ခံစားရတယ်။ အဲသလို ခံစားရတဲ့အတွက် သတ္တိတွေသူများထက်ပိုရှိတယ်။ ပြောရဲ ဆိုရဲ လုပ်ရဲ ကိုင်ရဲလည်းရှိလာတယ်။ လွတ်လပ်မှုလည်း ပိုရှိတယ်လို့ ခံစားရတယ်။ အဲဒီအတွက် အရာရာမှာ ပွင့်လင်းလာတယ်။ စိတ်ကောင်းစေတနာကောင်းတွေလည်း မွေးမြူတတ်လာတယ်။ သူတစ်ပါးကို ကူညီချင်စိတ်တွေလည်းဖြစ်လာတတ်တယ်။ သနားကြင်နာတတ်လာတယ်။ ဘဝမှာနေရတာသူများတွေထက် သူကပိုပျော်တယ်။ အများနဲ့လည်း လက်တွဲပြီး လုပ်တတ်လာတယ်။ လုပ်ငန်းခွင်ထဲကို ရောက်သွားတဲ့အချိန်မှာ သူများတွေထက်ပိုပြီး အောင်မြင်တတ်တယ်။

ဘယ်ကျောင်းမဆို ကိုယ့်ရဲ့အတန်းထဲမှာ ကျောင်းသူ /ကျောင်းသား ၅၀ တော့ ရှိပါတယ်။ တစ်ဝက်လောက်ရအောင် ပေါင်းစေချင်တယ်။ များသောအားဖြင့်ကတော့ ကိုယ့်ရဲ့ အပေါင်းအသင်းဆိုလို့ လေးငါးခြောက်ယောက်ပဲ ရှိတတ်ကြတယ်။

mgyoe.com

mgyoe.com



တချို့ဆိုရင် တစ်ယောက်နှစ်ယောက်ပဲ ရှိတယ်။ ရှား ရှားပါးပါး တချို့ဆိုရင် တစ်ယောက်မှတောင် မရှိကြဘူး။ အင်မတန် သနားစရာကောင်းတဲ့ သတ္တဝါတွေ ပါပဲ။ ဖြစ်နိုင်ရင် ကိုယ့်အတန်းထဲမှာ ဆယ့်ငါးယောက် အယောက်နှစ်ဆယ်လောက် မိတ်ဆွေဖြစ်အောင် လုပ်ထားပါ။ တခြား အတန်းက ကျောင်းသားတွေ ကိုလည်း ပေါင်းထားပါ။

တစ်တန်းကို နှစ်ယောက် သုံးယောက် ဖြစ်နိုင်ရင် လေးငါးခြောက်ယောက် ပေါင်းထားပါ။ အဲဒါဆိုရင် ကိုယ့်ကျောင်းမှာ ကိုယ်နဲ့ အတန်းတူ သူငယ်ချင်း အယောက်ငါးဆယ်လောက်ပေါင်းထားပြီးသား ဖြစ်သွားမှာပါ။

အပေါင်းအသင်းအများကြီး ပေါင်းပြီဆိုကတည်းက ကိုယ့်ဘက်က အနစ်နာခံရတာတွေလည်း မလွဲဧကန်ရှိမှာပါ။ အနစ်နာခံတဲ့သူမှလည်း အပေါင်းအသင်းကောင်းဖြစ်မှာပါ။ အနစ်နာခံနိုင်ပါမှလည်း အပေါင်းအသင်းတွေက ချစ်ကြခင်ကြမှာပါ။ အပေါင်းအသင်းများများပေါင်းရင် ကိုယ့်ဘက်က အချိန်ပေးနိုင်ရပါတယ်။ အပေါင်းအသင်းတွေနဲ့ ချည်းပဲ ကိုယ့်ရဲ့ တစ်နေ့တာအချိန်တွေ ကုန်နေတာမျိုးလည်း မဖြစ်စေနဲ့ပေါ့။ အပေါင်းအသင်းများတဲ့ သူတွေအတွက် အဲဒီ အချက်ဟာ သတိကြီးကြီးထားရမယ့် အချက်တစ်ခု

mgyoe.com